## စာရေးသူ၏ကိုယ်ရေးအကျဉ်း

- မန္တလေးမြို့ ဇာတိဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။
- ၂၀၀၅ ခုနှစ်တွင် ဒသမတန်း စာမေးပွဲ အောင်မြင်ခဲ့သည်။
- ၂၀၀၈ ခုနှစ်တွင် ကိုရီးယားဘာသာ အထူးပြုဖြင့် ဘီအေဘွဲ့ ရရှိခဲ့သည်။
- ၂၀၀၉ ခုနှစ်တွင် အင်္ဂလိပ်ဘာသာ အထူးပြုဖြင့် ဒီပလိုမာဘွဲ့ ရရှိခဲ့သည်။
- ၂၀၁၀ ခုနှစ်တွင် ကိုရီးယားအစိုးရမှ ကြီးမှူးကျင်းပသော ကိုရီးယားစကားပြောပြိုင်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး ရွှေတံဆိပ်ဆု ရရှိခဲ့သည်။
- ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတွင် ကိုရီးယား - မြန်မာ ဘာသာပြန် ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၂၀၁၅ ခုနှစ်တွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂယောင်းဟီတက္ကသိုလ်မှ ကိုရီးယားဘာသာ သင်ကြားရေး အထူးပြုဖြင့် မဟာဘွဲ့ ရရှိခဲ့သည်။
- ၂၀၁၆ ခုနှစ်မှ စ၍ ကိုရီးယားနိုင်ငံ ယုံးအင်းမြို့ နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် မြန်မာစာ သင်ကြားပို့ချလျက် ရှိသည်။
- ၂၀၁၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂယောင်းဟီ တက္ကသိုလ်မှ ကိုရီးယားဘာသာ သင်ကြားရေး အထူးပြုဖြင့် ပါရဂူတန်း ပြီးမြောက်ခဲ့ပြီး လက်ရှိတွင် ပါရဂူ စာတမ်းပြုစုလျက် ရှိသည်။

## စာရေးသူ၏ အမှာစာ

ကျွန်မသည် ၂၀၁၉ခု ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသား ကိုရီးယားဘာသာသင် ကျောင်းသူ ကျောင်းသားများအတွက် ကိုရီးယားဘာသာ အခြေခံဝေါဟာရများ စာအုပ်ကို ရေးသားပြုစုခဲ့ပါသည်။ ထိုစာအုပ်တွင် အခြေခံအဆင့် ကျောင်းသားများလေ့လာရန် သင့်တော်သော စကားလုံးများကို ရွေးချယ်စုစည်းပြီး မြန်မာဘာသာပြန်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ကိုရီးယားဘာသာသင် ကျောင်းသားအများစုက ဝယ်ယူအားပေးခဲ့ကြပြီး မိမိတို့အတွက် လေ့လာစရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း၊ ပြန်လည်ပြောပြကြ၍ စာအုပ်ကို ရေးသားသူ ကျွန်မအနေဖြင့် အတိုင်းမသိ ဝမ်းသာကြည်နူးရပါသည်။ မြန်မာနိုင်ငံအတွင်းတွင် ဘာသာစကားဆိုင်ရာ လေ့လာစရာစာအုပ်များ၊ အဘိဓာန်များ ယခုထိအများကြီး လိုအပ်နေပါသေးသည်။ ကိုရီးယားဘာသာစကားနှင့် သက်ဆိုင်သော လေ့လာရန်အချက်အလက် စာအုပ်များလည်း ယခုထိ နည်းပါးလျှက် ရှိနေပါသေးသည်။ ထိုအခြေအနေကို ကောင်းစွာနားလည်သော ကျွန်မသည် ကိုရီးယားဘာသာ အထူးပြုဆရာမတစ်ဦး ဖြစ်သည့်အတွက် ကိုရီးယားဘာသာနှင့် သက်ဆိုင်သော စာအုပ်စာပေများကို အဆက်မပြတ် ရေးသားပြုစုရန် ဆန္ဒရှိခဲ့ပါသည်။ ဆန္ဒရှိသည့်အတိုင်းလည်း ကြိုးစားအားထုတ်၍ စာအုပ်များကိုရေးသားပြုစုခဲ့ပြီး လက်ရှိတွင်လည်း ဆက်လက်ရေးသားလျက် ရှိပါသည်။ အထူးသဖြင့်



ကိုရီးယားဘာသာ ဝေါဟာရများကို အဆင့်အလိုက် ခွဲခြားပြီး တစ်ဆင့်ချင်းကို သီးသန့်စာအုပ်များအဖြစ် ထုတ်ဝေရန်နှင့် အဘိဓာန်စာအုပ် ပြုစုရန်မှာ ကျွန်မ၏ ပြင်းပြသောဆန္ဒတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် ဝေါဟာရများကို အဆင့်အလိုက် ခွဲခြားပြီး အဆင့်တူသော ဝေါဟာရများကို တစ်စုတစ်ဝေးတည်းဖြစ်အောင် ကျမ်းပြုစုသော အခြေခံအဆင့် ဝေါဟာရစာအုပ်ကို အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပါသည်။ ယခုအခါ အခြေခံအဆင့်ဝေါဟာရများကို ရေးသားပြုစုပြီး ဖြစ်ပါသဖြင့် ဆက်လက်၍ အလယ်တန်းအဆင့် ဝေါဟာရများကိုပါ ရေးသားပြုစုခဲ့ပါသည်။ အခြေခံအဆင့်ဝေါဟာရများကို သိရှိကျက်မှတ်ပြီးပါက တစ်ဆင့်တက်၍ အလယ်တန်းအဆင့် ဝေါဟာရများကို လေ့လာမှတ်သားနိုင်မည် ဖြစ်ပါသည်။

ဤစာအုပ်တွင် အလယ်တန်းအဆင့်ဖြင့် ကိုရီးယားဘာသာကို လေ့လာနေကြသော ကျောင်းသူ ကျောင်းသားများ သိသင့်သိအပ်သော ဝေါဟာရများကို အခန်းလေးခန်းဖွဲ့ကာ ခွဲခြားသတ်မှတ်ထားပါသည်။ အခန်း ၁ တွင် နာမ်စကားလုံးများ၊ အခန်း ၂ တွင် လှုပ်ရှားမှုပြ ကြိယာစကားလုံးများ၊ အခန်း ၃ တွင် ဂုဏ်ရည်ပြ ကြိယာစကားလုံးများနှင့် အခန်း ၄ တွင် ကြိယာဝိသေသန၊ နာမဝိသေသနစကားလုံးများကို ရေးသားတင်ပြထားပါသည်။ ဤစာအုပ်တွင် ယခင် အခြေခံအဆင့် ဝေါဟာရများစာအုပ်ထက် ပိုမိုများပြားသော ဝေါဟာရများ ပါဝင်ပါသည်။ အခန်း ၁ နာမ်စကားလုံး စုစုပေါင်း ၂၀၃၆ လုံး၊ အခန်း ၂ လှုပ်ရှားမှုပြ ကြိယာစကားလုံး စုစုပေါင်း ၈၉၄ လုံး၊ အခန်း ၃ ဂုဏ်ရည်ပြ ကြိယာစကားလုံး စုစုပေါင်း ၂၂၃ လုံး၊ အခန်း ၄ ကြိယာဝိသေသနနှင့် နာမဝိသေသနစကားလုံး စုစုပေါင်း ၂၀၇ လုံး ပါဝင်သဖြင့် ဝေါဟာရစကားလုံးပေါင်း ၃၃၆၀ လုံးဖြင့် ပါဝင်ပြုစုထားသောစာအုပ် ဖြစ်ပါသည်။ စကားလုံးများကို ကိုရီးယားအက္ခရာ စဉ်အလိုက် စဉ်ထားပါသည်။ ဉပမာ ဗျည်းကို "ㄱ" မှ "ㅎ" အထိ စဉ်ထားပြီး၊ သရကို "ㅏ" မှ "ㅡ" အစဉ်ဖြင့် စဉ်ထားသည်ဖြစ်သဖြင့် စာအုပ်ကို အသုံးပြုသည့်အခါ ထိုအစဉ်အတိုင်း ရှာဖွေပါက စကားလုံးများကို ပိုမိုမြန်ဆန်စွာ ရှာဖွေအသုံးပြုနိုင်မည် ဖြစ်ပါသည်။ ယခုစာအုပ်ကို ကိုရီးယား



နိုင်ငံမှ တက္ကသိုလ်အဖွဲ့အစည်းများရှိ ကိုရီးယားဘာသာစကားသင် ဌာနများမှ သင်ကြားသော စည်းမျဉ်းစည်းကမ်းများကို စံနမူနာယူပြီး ဝေါဟာရများကို တည်ဆောက်ထားသည့်အတွက် အခြေခံအဆင့် ကျောင်းသားများအနေဖြင့် ယခုစာအုပ်ပါ ဝေါဟာရများကို စနစ်တကျ ကျက်မှတ်အသုံးပြုမည်ဆိုပါက အခြေခံအဆင့် ကိုရီးယားဘာသာကို စည်းစနစ်မှန်ကန်စွာဖြင့် အသုံးပြုနိုင်လိမ့်မည် ဖြစ်ပါသည်။

ယခုစာအုပ်မှာ အလယ်တန်းအဆင့် ကိုရီးယားဘာသာစကားသင်မြန်မာ ကျောင်းသူ ကျောင်းသားများအတွက် အထူးပြုထုတ်ဝေသောစာအုပ် ဖြစ်ပါသည်။ အလယ်တန်းအဆင့် ကျောင်းသားများအနေဖြင့် သိရှိသင့်သောဝေါဟာရများကို စိစစ်ပြီး ရေးသားပြုစုထားပါသဖြင့် အခြေခံအဆင့်ကို ပြီးမြောက်အောင်မြင်ပြီးသော ကျောင်းသူ ကျောင်းသားများအတွက် အထူး အကျိုးရှိပါလိမ့်မည်။ လက်ရှိတွင် အခြေခံအဆင့်ကို လေ့လာနေသော ကျောင်းသားများအနေဖြင့်လည်း လိုအပ်သည့်အခါ ဝေါဟာရများကို ရှာဖွေလေ့လာနိုင်သည့် ဝေါဟာရစာအုပ်တဖြစ်လဲ အဘိဓာန်စာအုပ်တစ်အုပ်လည်း ဖြစ်ပါသည်။ မိမိတို့ လေ့လာနေသည့် ဘာသာစကားအခြေအနေအပေါ်မူတည်ပြီး လိုအပ်သလို အသုံးချမည်ဆိုပါကပိုမိုကောင်းမွန်သောဘာသာစကားစွမ်းရည်ကိုပိုင်ဆိုင်နိုင်ကြပါလိမ့်မည်။ လိုအပ်သလိုအသုံးချကာ ထူးချွန်သော ကိုရီးယားဘာသာစကားသင် ကျောင်းသူ ကျောင်းသားများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါသည်။ စာအုပ်ကို အားပေးကြသူ ကျောင်းသား ကျောင်းသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်။

ချမ်းမြမြသော် (KHU, Seoul, Korea)

၂၀၁၉.၄.၀၅